# အတိုးလိုက် / အတစ်လိုက် / မြန်မာ့ နိုင်ငံရေး

ခေါင်းစဉ်ကိုက သောက်ညင်ကပ်ချင်စရာပါခင်ဗျာ ။ သို့သော် ခေတ္တသည်းခံဖတ်ပေးပါခင်ဗျာ ။ မြန်မာ့နိုင်ငံရေး ပြဿနာ ဟာ အမှန်တကယ်ကြီးထွားလွန်းပါတယ် ။ သို့သော် တကယ်ဖြေရှင်းရင် လွယ်လွန်းတယ်လို့တောင် ပြောရမလား ဖြစ်နေပါတယ် ။

လင်မယား ရန်ဖြစ်လို့ အိမ်ပေါ်က ဆင်းသွားပြီး ရှက်ရမ်းရမ်းပြီး မခေါ်နိုင်မပြောနိုင် ဖြစ်နေတဲ့ မြန်မာ့ နိုင်ငံရေးလို့ တင်စားချင်ပါတယ် ။

"ခွေးဟောင်တာ လူကြားတယ် ဝက်ကုန်းတာ လူမမြင်ဘူး " ဆိုသလို ဖြစ်နေတဲ့ ဘက်နှစ်ဘက် ကြားမှာ ...

" ခါးနာရတဲ့ ငထွား "က ပြည်သူအများစု ဖြစ်နေပါတယ်

ကျွန်တော့်အကြိုက်ကတော့ .... ပြည်သူတွေ ဒုက္ခတွင်းက အမြန်လွတ်ကင်းဖို့နဲ့ ယှဉ်လာရင် ။ တစ်ဘက်ဘက်က တစ်ယောက်ယောက် သေချင်သေ ၊ သို့မဟုတ် ညားချင်ညား ကြပေါ့ဗျာ ။ ကြိုက်တာဖြစ်ကြ ။ မြန်မြန်လေး ကိစ္စပြတ် ဖို့တော့ လိုအပ်နေပါတယ် ။

ကောင်းတာတွေ ပြောရမယ်ဆိုရင်တော့ ပြီးနိုင်မှာ မဟုတ်ပါဘူး ။ ဖြစ်နိုင်မှာတွေ ပြောချင်ပါတယ် ။

## ၁ ။ *နိုင်ငံရေး အကျဉ်းသားဟူသည်* နဲ့ ထွက်ရပ်လမ်း

ပြည်ပမီဒီယာမှာတော့ မောင်ဘယ်သူက နိုင်ငံရေးအကျဉ်းသား ၊ ဘယ်ထောင်မှာ ဘယ်နှစ်ယောက်က နိုင်ငံရေးအကျဉ်းသားလို့ ပြောသဗျ ။ နိုင်ငံပိုင်သတင်း မီဒီယာတွေမှာတော့ နိုင်ငံရေး အကျဉ်းသားဆိုတာ မရှိပေါ့ ။ နှစ်ဘက်လုံးကလည်း လွန်လွန်းတယ် ။

အတိုက်အခံလုပ်နေတဲ့ ဘက်ကလည်း .. ဥပမာ မီးသွေး ( ခ ) အောင်မင်းနိုင် ကြည့်မြင်တိုင်က လူ့အခွင့် အရေး ကာကွယ်မြှင့်တင်သူများကွန်ယက်အဖွဲ့ ကိုမြင့်အေး ရဲ့ တပည့် ကျွန်တော် နဲ့ ညီငယ်တစ်ယောက်လို ဆက်ဆံမှုရှိသူ ။ မီးသွေးကလေးဟာ ကလေးသာသာဘဲဖြစ်တယ် ။ အခြေခံပညာ အားနည်းတယ် ။ ဗဟုသုတ နည်းတယ် ။ ဆင်ခြင်တုံတရား အားနည်းတယ် ။ ဉာဏ်ရည်နိမ့်တယ် ။ ( ကိုင်း ဘသူငြင်းမလဲ )။

အဲသလို လူငယ်တစ်ယောက်ရဲ့ နိုင်ငံချစ်စိတ် ၊ မျိုးချစ်စိတ် ၊ နိုင်ငံဖွံ့ဖြိုးလိုစိတ် ကိုတော့ နည်းတယ်လို့ ကျွန်တော်မဆိုလိုပေ ။

သို့သော် တိုင်းပြည်ဖွံ့ဖြိုးအောင် လုပ်နိုင်တဲ့ အကြံဉာဏ် တွေ သူ ထို့ မွှမ်းနိုင်ပါ့မလား ။သူ့ကို ဘယ်နေရာ တာဝန်ပေးနိုင်သနည်း ။

နောက်တနည်း သူ့ကို နိုင်ငံ၏တည်ဆောက်ရေး အတွက် မဟာပလေယာကြီးအဖြစ် မမြင်နိုင်တာ အသာ ထား ။ ဘဝကို ခက်ခက်ခဲခဲနဲ့ ရုံး ကန် အသက်ရှင်နေတဲ့ လူငယ်တစ်ယောက်အဖြစ် မမြင်သင့်ဘူးလား ။ အဲဒီလို မြင်ကြမယ်ဆိုရင် မီးသွေးဆိုတဲ့ လူငယ်လေး နိုင်ငံရေးစကားဝိုင်းနား ကပ်လာရင် ဝေါက်လွှတ်တာကမှ စေတနာ မှန်ပေလိမ့်မည် ။ မရင်းသင့်သော အရင်းအနှီးတွေ ဖြစ်သည် ။

အကယ်၍ မီးသွေးလေး ထောင်ထဲမှာ သေဆုံးခဲ့လျှင် မီးသွေး နှစ်ပတ်လည်ပွဲလုပ်စရာ ခေါင်းစဉ်တခု ရပေလိမ့်မည် ။ ၁၉၈၈ ကလည်း မဝင်းမော်ဦး ဆိုသူ မိန်းကလေး ( ထိုစဉ်က ၈တန်း ) သေနတ်မှန်၍ သေခဲ့ဘူးသည် ။

နှစ်စဉ် နှစ်ပတ်လည်ကျင်းပသည် ။ မဝင်းမော်ဦး နှစ်ပတ်လည်ကို အကြောင်းပြု၍ အနာဂတ် ခေါင်းဆောင်ကြီးများရဲ့ မိမိတို့ ပုံရိပ်ကို ထုဆစ်ခြင်းတွေလုပ်နေသည် ။ ဘီဘီစီက ထုတ်လွှင့်သည့် ( ဈေးအွန်ဝဲလ်ရဲ့ အန်းနီးမန်းဖမ်း ) အသံလွှင့် ဇာတ်လမ်းက "မြင်းကြီးလက်ရုံး" ဆိုတာကို ပြေးမြင်သည် ။

ရက်စက်မှုတွေ ၊ တော်လှန်ရေးအတွက်အကြောင်းပြု၍ အရင်းအနှီးစိုက်ထုတ်တာတွေ ရပ်သင့်ပေပြီ ။ လူ့အသက်တွေ ဘဝတွေကို ရင်းရတာ ဖြစ်လေသည် ။ ကာတွန်းဆရာ ဝိဇ္ဇာ လား အဝိဇ္ဇာ လားတော့ မသိ ၊ တော်တော်ကြိုက်တဲ့ မြင်ကွင်းလေးတခု တင်ပြဘူးသည် ။

ကြားညှပ်ပြသွားတာဖြစ်ပါသည် ။ လူသေတွေ ၊ မီးလောင်ပြင်တွေ ပြာပုံတွေကြားမှာ စုတ်ပြတ်သတ် သွေးအလိမ်းလိမ်းနဲ့ သေနတ်ကိုင်ထားသူ လူတစ်ယောက် ကြွေးကြော်နေပုံ ဖြစ်သည် ။

" ဒို့လူမျိုးတွေလွတ်လပ်ပြီကွ " ဟူသတတ် ။ ဖဒိုမန်းရှာရဲ့ သမီး မဇိုရာဖန်းကတော့ အိုကေနေပြီ ။ အဖေကတော့ အသက်စွန့်သွားရှာပြီ ။ ဖဒို ကြီးနဲ့ ဆွေမနီးမျိုးဝေး ကရင်မလေးတွေ ကရင်အဖိုးကြီးတွေ အဘွားကြီးတွေ တောတောင်ထဲမှာ တောင်ထန်းဖက်တွေ ခုတ် ပြီး တစ်ညအိပ်လောက် ခရီး နှင်မှ မြို့စပ်မှာ ရောင်းချနိုင်တယ် ။ အသက်ရှင်ဖို့ ထမင်းစားနေတာလား ၊ ထမင်းစားဖို့အသက်ရှင်နေတာလားလို့ မေးရန် ခက်လှသည် ။ မသေနိုင်သေးသော အသက်တွေ ရှင်နေဖို့အတွက် ထမင်းစားဖို့လိုအပ်နေတဲ့ဘဝတွေ ဖြစ်သည် ။

ဖွံ့ဖြိုးရေး ရေကြည်တစ်ပေါက် က ဇာတိ ပုည ဂုဏ်မာနတွေ ထက် ပိုလို့အရေးကြီးနေသော အချိန် ။ ဖင်ယားပြီး ဖွံ့ဖြိုးချင်တာမဟုတ် အတော်မဖွံ့ဖြိုးလို့ ဖင်ယားနေတာသာဖြစ်သည် ။ မြန်မာဆို ရန်ကုန်မဟုတ် ။ အပြောကျယ်လှသော တောတောင်တွေမှာ မှီခိုနေထိုင်သူတွေ ဗိုက်တောမှာ ရုံးလို့ ကျွဲရုပ်နဲ့ လူတွေ အများကြီးအတွက် ဂုဏ်မာနကား တော်သင့်ပါပြီ ။

ချော်တောင်ဝေ့ကုန်လေပြီ ။ နိုင်ငံရေးအကျဉ်းသားဆိုတာကို ပြန်ကောက်ရလျှင် သူမှားတယ် ငါမှန်တယ် ဆိုတဲ့ ပဋိပက္ခရဲ့ အကျဉ်းသားတွေလို့သာ ပြောချင်ပါတော့တယ် ။ တကယ်က သူများသားမယားကို ပစ်မှားခဲ့ကြသူတွေတော့မဟုတ် ။ အနိုင်အထက် လုယက်စားသောက်ခဲ့သူတွေတော့မဟုတ် ။ ကြည့်မြင်ပုံရှုထောင့်မတူ ရာက စခဲ့တဲ့ ပြဿနာတွေရဲ့ ဓါးစာခံတွေ ဖြစ်သည် ။ ဂုဏ်မာနတွေရဲ့ အားပြိုင်မှုမှမွေးထုတ်လိုက်တဲ့ ပဋိပက္ခ သားကောင်တွေဖြစ်သည် ။

ကျွန်တော်အမှန် ပြောရလျှင် ပဋိပက္ခမွေးဖွါးရာ ဘက်နှစ်ဘက်လုံးကို မယုံကြည်ပါ ။ အားလုံးကို မုန်းတီးမိသည်ဟု ပြောလျှင် ရစကောင်းသည် ။ သို့သော် တာဝန်မဲ့ရာကျမည် ။ ထို့ကြောင့် အဆိုပါ နှစ်ဘက်ခြမ်းက တွေးမြင်ကြပုံတွေကို ခံစားပြချင်ပါသည် ။

ပြည်ပမီဒီယာတွေက ထောက်ပြနေသော နိုင်ငံရေးအကျဉ်းသားဆိုသူတွေ " မီးသွေးပါ အပါအဝင် " နိုင်ငံပိုင်မီဒီယာရဲ့ လေအတိုင်း ဥပဒေတွေကို ချိုးဖောက်ခဲ့ကြတာကလဲ မှန်ပါသည် ။ ဘယ်နိုင်ငံမှာမှ မပြီးမစီး လူထုသပိတ်တိုက်ပွဲတွေကို လက်ပိုက်ကြည့်နေနိုင်ကြတာတော့မဟုတ် ။

ယနေ့မနက်မှာဘဲ သတင်းဌာနတစ်ခုက ထုတ်လွှင့်သွားသည် ခွင့်ပြုချက်မရလို့ အချိန်လျှော့ပြီး ဆန္ဒပြရ ကြောင်းပါသွားသည် မဟုတ်ပါလား ။

၂၀၁၀ ရွေးကောက်ပွဲဟာ အားလုံးပါဝင်နိုင်တဲ့ရွေးကောက်ပွဲ ဖြစ်ရမယ်ဆိုတဲ့စကားသံတွေကိုလည်း ဒီလို စဉ်းစားကြည့်စေချင်ပါတယ် ။ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ကြလို့ကို အကျဉ်းသားဖြစ်ကြတာ မဟုတ်ပါ လား ။

၂၀၁၀ ရွေးကောက်ပွဲလမ်းကြောင်းအတိုင်း ဖြောင့်ဖြောင့်တန်းတန်း လိုက်ပါကြမယ်ဆိုရင် အကျဉ်းသားဘဝပင် ရောက်ရမည်မဟုတ် ။

ဒီနေရာမှာ ယုံကြည်မှုတည်ဆောက်ရေး ဆိုတာကို နားလည်ဖို့ လိုပါသေးတယ် ။ ယုံကြည်မှုတည် ဆောက်တယ်ဆိုတာက အပေါ်အောက်တွေ ရှိပါတယ် ။ အပေါ်စီးရနေသူက ယုံကြည်မှုတည်ဆောက်ဖို့ လုပ်ချင်မှ လုပ်ပါလိမ့်မယ် ။ အောက်ကြေးပေါက်နေသူ ဘက်ကတော့ မလွဲမသွေ တည်ဆောက်ဖို့ လိုပါတယ် ။

ဘယ်သူက ဘယ်သူ့ကို ယုံကြည်စေချင်တာလဲ ။ အဲဒါအဓိကကျပါတယ် ။ တစ်ဘက်ဘက်က ပထမဦးဆုံး တစ်ဘက်သတ် တည်ဆောက်ကြရပါတယ် ။

နိုင်ငံရေးလောကသားတွေဘက်က အစဉ်အမြဲ သံသယများစွာ ချဉ်းကပ်ပြောဆို ဝေဘန်နေတာတွေဟာ တည်ဆဲ တပ်မတော်အစိုးရအတွက် နိုင်ငံရေးလောကသားတွေအပေါ်ယုံကြည်မှုမရှိတဲ့ စိတ်ကူးတွေ မွေးဖွား လာစေပါတယ် ။ နိုင်ငံရေးလောကသားတွေဘက်က တည်ဆဲအစိုးရကို ရန်သူသဖွယ် ချဉ်းကပ်ပြောဆိုဆွေးနွေးလိုက် တည်ဆဲအစိုးရက ရန်သူလို ပြန်လည်ဆက်ဆံတုံ့ပြန်လိုက်နဲ့ အဆိုးတွေ ထပ်ထပ်ကျော့လာပါတယ် ။

ကျွန်တော့်ဆန္ဒအရဆိုလျှင် ယခုထောင်သွင်းအကျဉ်းကျခံနေရသူ ပဋိပက္ခ အကျဉ်းသားတွေ အားလုံး လွတ်မြောက်လာပြီး မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ နိုင်ငံနဲ့ လူမျိုးအကျိုး ကမ္ဘာသူကမ္ဘာသားအကျိုးကို သယ်ပိုးတာ မြင်ချင်သည် ။

သို့သော် ပြန်လည်လွတ်မြောက်လာပြီးသကာလ လူစုမည် ပွဲဆူမည် ၂၀၁၀ ကို ဖျက်ဖို့ ကြံကြဦးမည်ဆို လျှင်တော့ ဒီအတိုင်းက ပိုကောင်းပါသည် လို့ ဘဲ ပြောရမည် ။

တည်ဆဲအစိုးရကလည်း တစ်ရှက်ကို နှစ်ရှက် အဖြစ်ခံမည်မဟုတ် ။ ဒီအတိုင်းထားဖို့သာများသည် ။ ထို့ကြောင့် နိုင်ငံရေးလောကသားတွေဘက်က မက်ဆေ့ချ် စတင် ပေးဖို့လိုသည်လို့ ထင်ပါတယ် ။

**၂၀၁၀ ရွေးကောက်ပွဲကို မိမိတို့ ရဲ့ စိတ်ကူးအိပ်မက်များဖြစ်တဲ့ မိမိတို့ စိတ်ကြိုက် နိုင်ငံတည်ဆောက်ရေး နည်းလမ်းတွေ ကို နိုင်ငံရေးတည်ငြိမ်မှု ရှိတဲ့ တင်ပြပုံတင်ပြနည်းတွေနဲ့ ပြည်သူကို ချခင်းပြသပြီး ၂၀၁၀ ကို နည်းလမ်းတစ်ရပ်လို ပေါင်းကူးတည်ဆောက်ဖို့ ရည်ရွယ်ကြောင်း သတင်းစကား ပါးနိုင်ရင် နိုင်ငံတည်ဆောက်ရေး အတွက် အမျိုးကောင်းသားတွေ လွတ်မြောက်ကြောင်း လမ်းစပွင့်လာနိုင်ပါတယ် ။**

ဒီနေရာမှာ ပြည်သူ သန်း ၅၀ ကျော်ရဲ့ မျက်နှာကို ထောက်ထားပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး “ အောက်ကြေး ” ကို မိမိတို့ ဘက်က စတင်ဖွင့်လှစ်လိုက်ဖို့ လိုပါပြီ ။

ဒီနေရာမှာ ဒီလိုပြောလို့ ကိုယ်ရွေ “ရွှေဉာဏ်တော် စူးရောက် ” များက အောက်ပါအတိုင်းမတွေးမိဖို့လိုပါ တယ် ။

“ တည်ဆဲအစိုးရဟာ သူ့ရွေးကောက်ပွဲကို ပြည်သူတွေနဲ့ နိုင်ငံတကာ မယုံကြည်တာကြောင့် ဒို့ကို ပါဝင်ဖို့ လိုလားနေတယ် အထက်ကြေးကွ တောင့်ထား ”

ဆိုတဲ့ ရွှေဉာဏ်တော် စူးရောက်ခြင်း မျိုးဟာ ဒီပါနဲ့ဆို အကြိမ်ပေါင်း ( ၃၇၈၉၂၆ . ၇ ) ကြိမ် လောက် ရှိနေပါပြီလို့ သတိပေးလိုက်ပါရစေဦး ။

## ၂ ။ တစ်ခေတ်မှာ တစ်ခါ သင်ပုန်းချေ

အမေရိကန် နိုင်ငံရဲ့ သမိုင်းကို ပြန်ကြည့်ပါ။ မိမိတို့ ဇာတိမြေ မဟုတ်တဲ့၊ မိမိတို့ စိတ်ကြိုက်နာမည်ပေးထားခြင်းခံရတဲ့ ( ရက်အင်ဒီယန်း ) ဆိုသူတွေ ရဲ့ မြေယာတွေပေါ်မှာ ကျူးကျော်အခြေချ နေထိုင်လာကြတဲ့ လူဖြူတွေဟာ ယနေ့ အမေရိကန် သူရဲကောင်းတွေပေ့ါ ။ ဂလိုဘယ်သူရဲကောင်းတွေပေ့ါ ။

အမှန်က ကျူးကျော်သူတွေပါ ။ ဒေသခံ တိုင်းရင်းသားတွေရဲ့ မြေယာတွေကို ကျူးကျော်သိမ်းပိုက် ကျွန်ပြုခဲ့ကြတာပါ ။ အဲသလို ဆိုလို့ အမေရိကန် နိုင်ငံသား ဖြစ်နေသူ တွေ ထဲက လူဖြူတွေကို မုန်းရတော့မလား ။

ဒီလိုတော့မဟုတ်ပါ ။ တစ်ခေတ်မှာ တစ်ခါ သင်ပုန်းချေခဲ့ကြရတာကို ပြောဆိုချင်တာပါ ။ အမေရိကန်နိုင်ငံကို အမှန်တကယ် တည်ဆောက်ခဲ့တာကတော့ ၁၇၇၆ ခု နှစ်ကပါ ။ သို့သော် ဒီအရင်ကတော့ အမေရိကန်နိုင်ငံသားတွေဟာ ဗြိတိသျှလက်အောက်ခံဖြစ်တော့ လူမည်းဒေသခံတွေကတော့ ကျွန်အောက်သပေါက်ပေ့ါ ။

အဲဒီအချိန်က စပြီး လူဖြူတွေ တည်ဆောက်ခဲ့ကြတဲ့အမေရိကန်နိုင်ငံဟာ လူမည်းတွေကို လူလို့တောင်စာရင်းမသွင်းကြသေးပါဘူး ။ ၁၉၆၈ ခု နှစ်ရောက်မှ ဒေသခံတွေ လူမည်း ( သူတို့အခေါ် လူနီရိုင်း ) တွေ ကို လူလို့ သတ်မှတ်ခဲ့ကြတာပါ ။

ဒီနေရာမှာ လူအဖြစ်သတ်မှတ်တာဘဲဖြစ်တယ် ။ ဒေသခံတွေ ကို နှစ်နာစေမှု ပြုခဲ့တဲ့မှု ပြစ်ဒဏ်ကွေးတွေနဲ့ သူတို့ ဒေသခံတွေ ဆီက ထုတ်ယူရရှိထားတဲ့ ပစ္စည်းဥစ္စာ ကြွယ်ဝမှုတွေကိုတော့ သင်ပုန်းချေလိုက်ကြရတာ ဖြစ်တယ် ။

ပြောချင်တာက ခေတ်ပြောင်းတော်လှန်ရေးတစ်ရပ်မှာ သတ်တာနဲ့ ချေတာ နှစ်မျိုးတည်းက တစ်မျိုးကိုတော့ ရွေးကြရတာပါဘဲ ။ ပြင်သစ်တော်လှန်ရေးကတော့ သတ်လို့ ဝ မှ အေးသွားကြတာကလား ။

ကျွန်တော်အနေနဲ့ကတော့ အာမခံချက် တိကျသေချာစေတဲ့ စာချုပ်စာတမ်းတွေနဲ့ နှစ်နှစ်ကာကာ ကြေအေးကြတာဟာ လူပီသတာပါဘဲ ။ နောက်တစ်ချက်ထူးတာက အမှားနဲ့ အမှန်ဟာ ခွဲခြားရ ခက်လှပါတယ် ။ တစ်ချို့ကိစ္စတွေ ဟာ ငြင်းစရာတွေ များပြားလွန်းပါတယ် ။

( စိတ်ဝင်စားရင်တော့ လူချင်းတွေ့ပြီး ငြင်းပါ )

ဆက်ရန်
အချိန်မရ
ပြီးဆုံးအောင်ရေးရင်နောက်ကျမယ် အဲဒါကြောင့် ယနေ့ဘဲ တင်လိုက်သည် ။
နေမျိုးဝေ
၁၆.၈.၂၀၀၉